တွေ့ဆုံးဆွေးနွေးရေးကို တောင်းဆိုနေဆဲဖြစ်ကြောင်း မွန်ပြည်သစ်ပါတီက မွန်တော်လှန်ရေးနေ့မှာ ထုတ်ပြန်ရေးသား

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဩဂုတ်လ ၁၂ ရက်၊ ၂၀၀၃ ခုနှစ်။

ယနေ့ ဝါခေါင်လပြည့်နေ့တွင် ကျရောက်သော မွန်တော်လှန်ရေးနေ့ကို အပစ်အခတ်ရပ်စဲရေးအဖွဲ့ မွန်ပြည်သစ်ပါတီမှ ဦးဆောင်ကျင်းပသွားပြီး တော်လှန်ရေးနေ့အတွက် ထုတ်ပြန်ကြေငြာချက်စာတစ်စောင်ကိုလည်း ရေးသား ထုတ်ဝေခဲ့ပါသည်။

မွန်အမျိုးသားတော်လှန်ရေးနေ့ကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရန်အတွက် (၈) နှစ်ကြာ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လုပ်ထားသော မွန်ပြည်သစ်ပါတီမှ မိမိတို့၏ ဗဟို၊ ခရိုင်၊ မြို့နယ်ရုံးစိုက်ရာနေရာများတွင် စစ်ရေးပြ အခမ်းအနားအပြည့်အစုံဖြင့် လုပ်ဆောင်ခဲ့ပါသည်။

မဟာဗမာလူမျိုးကြီးတို့၏ ဖိနှိပ်မှုကို မခံရပ်နိုင်သောကြောင့် လက်နက်ကိုင်တော်လှန်ရေး တိုက်ပွဲဝင်လာခဲ့ခြင်း ဖြစ်ကြောင်း တော်လှန်ရေးသမိုင်းကို အစချီကာ (၅၆) နှစ်ပြည့်မြောက်သည့် ဒီနေ့တော်လှန်ရေးနေ့မှာ မွန်ပြည်သစ်ပါတီမှ မိမိတို့ထုတ်ပြန်သောကြေငြာချက်ကို ဖတ်ကြားခဲ့ပြီ ၄င်းကို လက်ဆင့်ကမ်း ဖြန့်ဝေခဲ့ပါသည်။

၄င်းထုတ်ပြန်ကြေငြာချက်တွင် မြန်မာနိုင်ငံတွင်ဖြစ်ပျက်နေသော နိုင်ငံရေးကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး ရေးကိုသာ တစိုက်မတ်မတ်တောင်းဆိုနေဆဲဖြစ်ကြောင်း၊ မည်သည့်အကြမ်းဖက် လုပ်ရပ်မျိုးကိုမဆို ဆန့်ကျင်သွားမည်ဖြစ် ကြောင်း၊ မွန်ပြည်သူလူထု၏ လက်ရှိအခြေအနေသည် အခက်အခဲအကြပ်အတည်းမျိုးစုံနှင့် ရင်ဆိုင်နေရသည်ကို မိမိတို့ပါ တီမှ အသိမှတ်ပြုပြီး ကိုယ်စားပြု ရပ်တည်ဖြေရှင်းသွားမည်ဖြစ်ကြောင်းနှင့် မပြီးဆုံးသေးသော သမိုင်းပေးတာဝန်ကို အဆုံးတိုင် ဆက်လက်ဆင်နွဲသွားမည်ဖြစ်ကြောင်း ရေးသားထုတ်ပြန်ခဲ့ပါသည်။

ထို့အပြင် မွန်ပြည်သစ်ပါတီ ဥက္ကဌကြီး နိုင်ထင်မှလည်း ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးနှင့် စစ်မှန်သောပြည်ထောင် စုပေါ်ထွန်းရေးအတွက် စတင်တော်လှန်တိုက်ပွဲဝင်ခဲ့သော တော်လှန်ရေးနေ့အထိမ်းအမှတ်အတွက် သဝဏ်လွှာ ပေး ပို့ခဲ့ပါသည်။

၄င်းသဝဏ်လွှာတွင် အဓိကလက်နက်ကိုင်တော်လှန်ရေးတိုက်ပွဲဝင်ရသည့် အကြောင်းအရင်းတို့ကို မျိုးချစ် ရဲဘော်များ၊ ပြည်သူများနှင့် ရဟန်းသံဃာတော်များအတွက် အကျယ်တဝင့် ရှင်းပြရေးသားခဲ့ပါသည်။

မွန်ပြည်သစ်ပါတီသည် ၁၉၉၅ ခုနှစ်တွင် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားပြီး မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော နိုင်ငံရေးကို တခြားတိုင်းရင်းသားလက်နက်ကိုင် အပစ်အခတ်ရပ်စဲရေးအဖွဲ့များနှင့်အတူ နိုင်ငံရေးဖြေရှင်း ရန်အတွက် မကြာခဏ သဘောထား ထုတ်ပြန်ရေးသားခဲ့ပါသည်။